Swae Nyoe
စွဲညို



စာစဥ် - ၇

# မုန်းမာန်ဖွဲ့ရန်ငြိုး

ညိမ်းမြတ်

## Part 76

## အပိုင်း (၇၅) အပိုင်း (၂)

ကျန်းချောင်နဲ့ ကျန်းစုစုတို့ရဲ့ အမြတ်နိုးဆုံး ပုဂ္ဂိုလ်က ရှေ့မှာ ရှိနေပြီးတော့ အကုန်လုံးရဲ့ အကြည့်က ကျန်းယွမ် အပေါ်မှာ ဖြစ်နေပြီးတော့ သူမ ဘာကို ထုတ်လာမယ်ဆိုတာကို မျှော်လင့်နေကြတယ်။ ကျန်းယွမ်က ပြုံးလိုက်ပြီးတော့

"အစ်မရဲ့ လက်ဆောင်က ပြလို့ မရသေးဘူး။ "

အကုန်လုံးက နည်းနည်း စိတ်ပျက်သွားကြတယ်။ ကျန်းစုစုက မေးလိုက်တယ်။

"ဘာလို့လဲ မမက ဘာလို့ စုအာကို နည်းနည်းတောင် ကြည့်ခွင့်မပေးတာလဲ။ "

ကျန်းယွမ်က သိမ်မွေ့စွာ ငြင်းဆိုလိုက်တယ်။

"အစ်မ ပြလို့မရဘူး။ "

သူမရဲ့ အသံက တည်ကြည်တယ်။

ကျန်းချောင်က ရယ်လိုက်တယ်။

"အကြီးဆုံးညီမလေးက အဘွားအတွက် လက်ဆောင်ပြင်လာဖို့ မေ့ခဲ့တာ

တော့ မဟုတ်ပါဘူးနော်။ အဲဒါကြောင့် ဒီလိုပြောနေတာတော့ မဟုတ်ဘူး မလား။ အရင်တစ်ခေါက်တုန်းကလည်း အဘိုးရဲ့ အိမ်မှာအဲ့လိုပဲ။ ပြီး တော့ အမေက ညီမလေးအတွက် ကူပြီး ပြင်ပေးခဲ့ရတယ်မလား။ "

သူက အဲဒါကို မရည်ရွယ်ပဲ ပြောတဲ့ပုံပေါ်ပေမဲ့ ရှယန်က အမြန်ပြောလိုက် တယ်။

"ချောင်အာ"

သူမက သူ့ရဲ့ စကားတွေကို ကြားဖြတ်ပြောလိုက်ပေမဲ့ လူတွေက သူတို့ကို သတ်မှတ်ပြီးသွားပြီဖြစ်တယ်။ သူတို့က နောက်ဆုံးမှာတော့ သူမက သူမ ကို သင်ပေမယ့် သွေးသားတော်စပ်တဲ့ အမေ မရှိတာကို သတိရသွားကြ တယ်။ သူမက လှပပေမဲ့ သူမရဲ့ ကမ္ဘာကြီးအပေါ်သိတာက ကျန်းစုစုထက် တောင် ပိုနည်းသေးတယ်။

"ညီမလေး အစ်ကိုကြီးကို ဟာသတစ်ခုပြောပြမယ်။ "

ကျန်းယွမ်က ပြုံးလိုက်တယ်။

"ဒါနဲ့ အဘိုးက ဒီနေ့ ဘာလို့မလာတာလဲ။ ယွမ်နိုင်က လက်ဆောင်ပြင် ပေးဖို့ မေ့သွားလို့ သူတို့က အဘွားရဲ့ မွေးနေ့ပွဲကို မတက်တာတော့ မဟုတ် လောက်ပါဘူးနော်။ "

ဒီစကားတွေ ပြောပြီးတာနဲ့ ကျန်းချောင်ရဲ့ မျက်နှာက တင်းမာလာပြီး တော့ ရှယန်ကလည်း ကြောင်သွားတယ်။ တကယ်ပဲ ရှမိသားစုက ကျန်း သခင်မကြီးရဲ့ မွေးနေ့ပွဲကို ဘယ်သူမှမတက်ကြဘူး။ သူတို့က မလာနိုင် ရင်တောင် လက်ဆောင်လေးတော့ ပေးသင့်တာကို။ ဒါပေမဲ့ ရှမိသားစုဆီ ကနေ ဘာသတင်းမှလဲ မကြားပါဘူး။ ပုံမှန်ဆိုရင် ရှမိသားစုက ကျန်းယွမ် လက်ဆောင်ကျန်ခဲ့လို့ မတက်တာတော့ မဟုတ်လောက်ပါဘူး။ ဒါပေမဲ့

ဘာဖြစ်ခဲ့လို့လဲ။ လူအုပ်ရဲ့ သံသယအကြည့်တွေက ကျန်းချွမ်ကို ချက်ချင်းပဲ မျက်နှာပျက်စေပြီးတော့ သူက ရှယန်ကိုစိုက်ကြည့်ပြီးတော့ မြန်မြန်ပြောလိုက်တယ်။

"မင်းရဲ့ အဘွားက နေမကောင်းလို့ အိမ်တော်က အလုပ်တွေ ပိနေလို့ မွေးနေ့ပွဲကို မလာဖြစ်တာ။ "

ကျန်းယွမ်က သိသွားတယ်။

"အိုး ဟုတ်သားပဲ နောက်ဆုံးအကြိမ် အဘိုးတို့ဆီသွား တုန်းက အဘွားက သွေးအန်ပြီး မေ့သွားတာပဲ။ မမျှော်လင့်စွာနဲ့ သူမက ပြန်ကောင်းမလာဘူး။ "

ရှယန်က သူမရဲ့ စကားတွေနောက်ကနေ လိုက်ပြောလိုက်တယ်။

"ဟုတ်တယ်။ သူမရဲ့ အခြေအနေက မကောင်းသေးဘူး။ "

"ဒါ့အပြင်"

ကျန်းယွမ်က ရုတ်တရက် ရှယန်ကို အရိုအသေပေးလိုက်တယ်။

"အဘွားက နေမကောင်းဖြစ်နေတဲ့အချိန်မှာ အမေက အရမ်းစိတ်ပူနေခဲ့တာ။ အမေက အဘွားရဲ့ မွေးနေ့ကို စီစဉ်ပြီးတော့ လှပတဲ့ ဂုဏ်ပြုညစာစားပွဲလေးဖြစ်အောင် ပြင်ပေးခဲ့တယ်။ အဲဒါ ကျန်းမိသားစုရဲ့ အခြေအနေပဲ ယွမ်နိုင် ရှက်လိုက်တာ။ "

သူမက ရှယန်ကို ပြောတဲ့ ကျေးဇူးတင်စကားကြောင့် ရှယန်က ကျောချမ်းသွားတယ်။ ကျန်းယွမ်ရဲ့ စကားလုံးတွေက သူမရဲ့ အမေက ဖျားနေတာတောင်မှ သူမက ဂုဏ်ပြုပွဲကို စီစဉ်ဖို့ နှလုံးသားရှိသေးတယ်ဆိုပြီး ပြောနေတာဖြစ်တယ်။ ဘယ်လောက်တောင် တာဝန်မကျေတဲ့ သူလဲ။ ဒီနေ့ သူမက သခင်မတွေရှေ့မှာ ဆက်တိုက် စကားပြောခဲ့ပြီးတော့ ရယ်ခဲ့တယ်။ ပြီး

တော့ ဝမ်းနည်းနေတဲ့ပုံ တစ်စက်ကလေးမှ မပေါက်ဘူး။ အခု သခင်မတွေ အကုန်လုံးက ဒီကိစ္စကို တိတ်တဆိတ် စဉ်းစားနေကြမှာကို သူမ စိုးရိမ်နေတယ်။

သူမက သူမရှေ့က မိန်းမပျိုလေးကို ကြည့်ပြီးတော့ သူမရဲ့ နှလုံးသားထဲမှာ တိတ်ဆိတ်စွာနဲ့ အံကြိတ်နေတယ်။ သူမက ရုတ်တရက် ရယ်လိုက်တယ်။

"အဲ့တာက ဘာမှမဟုတ်ပါဘူး။ "

ဒီအကြောင်းတွေကို နောက်ကျ ပျံ့သွားမှာကို တွေးရင်းနဲ့ ရှယန် မပျော်တော့ပါ။

ကျန်းသခင်မကြီးက မျက်နှာထားမပြောင်းပဲ ဆက်ကြည့်နေတယ်။ ဒီအချိန်မှာ စူးရှတဲ့ အသံက ခြံဝန်းထဲကနေ ထွက်ပေါ်လာတယ်။

"ဒီမကောင်းဆိုးဝါးက ဘယ်ကနေ ထွက်လာတာလဲ။ "

အကုန်လုံးက အဲ့ဘက်ကို ကြည့်လိုက်ပြီးတော့ ဝတ်ရုံစိမ်းနဲ့ သက်လတ်ပိုင်း တာအိုဆရာတစ်ယောက်ကို တွေ့လိုက်တယ်။ သူက အဝတ်ထုတ်တစ်ထုတ်ကို ပခုံးပေါ်မှာ သယ်ထားပြီးတော့ မက်မွန်သားနဲ့ ပြုလုပ်ထားတဲ့ သစ်သားချောင်း တစ်ချောင်းကို သူ့လက်ထဲမှာ ကိုင်ထားပြီးတော့ သူ့ရဲ့ မျက်နှာထားက သုန်မှုန်နေတယ်။

ရှယန်က အံ့အားသင့်သွားတယ်။

"ရှူကုန် တာအိုဆရာကျန်း"

ပြီးတော့ သူမက အကုန်လုံးကို တောင်းပန်လိုက်တယ်။

"လွန်ခဲ့တဲ့ ရက်အနည်းငယ်က ကျွန်မ ဒီတာအိုဆရာကို ကျန်းအိမ်တော်အတွက် သရဲနှင်ပေးဖို့ ဖိတ်ခဲ့တယ်။ သူက ဒီနေ့ ရောက်လာလိမ့်မယ်လို့

ကျွန်မ ထင်မထားဘူး။ "

တာအိုဆရာက ဝင်လာတော့ ကျန်းချွမ်ကလည်း သူ့ကို နှုတ်ဆက်လိုက်တယ်။

"ကျွန်တော်တို့ အချင်းချင်း မတွေ့တာတောင် အတော်ကြာနေပြီပဲ။ "

"ငါးနှစ်တောင် ကြာသွားခဲ့ပြီ။ "

ရှူကုန်က သူ့ကို အရိုအသေပေးလိုက်တယ်။

"တကယ်လို့ အကုန်လုံးက လူကြီးမင်းနဲ့ ပတ်သက်ပြီး အဆင်ပြေနေရင် ဒီဘရင်ဂျီက စိတ်အေးပါပြီ။ "

ကျန်းသခင်မကြီးက မျက်မှောင်ကြုတ်လိုက်တယ်။

"နင် ဘာမကောင်းတာတွေ လုပ်နေတာလဲ။ "

သူမက အရမ်း ရိုင်းစိုင်းတယ်။

ကျန်းချွမ်က ပြောလိုက်တယ်။

"အမေ ဒီတာအိုဆရာက ဒီသားရဲ့ အရင်တုန်းက အသိတစ်ယောက်ပါ သူက ကျွန်တော်တို့ အိမ်တော်ကို လွန်ခဲ့တဲ့ ငါးနှစ်တုန်းက လာသွားသေးတယ်။ "

ရှိနေတဲ့ သခင်မတွေက နယ်လှည့်နေတဲ့ တာအိုဆရာအကြောင်းကို ဘယ်တုန်းကမှ မကြားဖူးဘူး။ ဒါပေမဲ့ ကျန်းချွမ်ပြောတာကို ကြားတော့ သူတို့က စိတ်အေးသွားကြတယ်။

ကျန်းယွမ်က တစ်နေရာတည်းမှာပဲ ရပ်နေပြီးတော့ မှုန်မှိုင်းတဲ့ မျက်နှာထားနဲ့ ဘရင်ဂျီကို တိတ်ဆိတ်စွာနဲ့ ကြည့်နေတယ်။ သူမက ‘လွန်ခဲ့တဲ့ ငါးနှစ်က’ ဆိုတာကို ကြားပြီးတော့ သူမရဲ့ နှုတ်ခမ်းလေးတွေက ပြုံးသွားတယ်။

"ဒီဘရင်ဂျီ ဒီနေ့ ဒီကို ဘာလို့လာရလဲဆိုတော့ သခင်မက ဒီအိမ်တော်ကို ကံကောင်းစေဖို့ ဆုတောင်းပေးဖို့ ဖိတ်ခဲ့လို့လာတာဖြစ်တယ်။ "

ရှူကုန်က ဆက်ပြောလိုက်တယ်။

"ဒါပေမဲ့ ဒီဘရင်ဂျီ ဝင်လာတော့ ငါ အိမ်တော်ထဲမှာ အနက်ရောင် လေထုကို တွေ့လိုက်ရတယ်။ မကောင်းဆိုးဝါးက ဘေးဒုက္ခတွေ ဖန်တီးနေမှာ ငါ စိုးရိမ်တယ်။ "

ကျန်းသခင်မကြီးမျက်နှာပေါ်မှာ နည်းနည်းစိတ်တိုတဲ့ မျက်နှာထားထွက်ပေါ်လာတယ်။

"ဒီလူ့ကို ငါ့အစားနှင်ထုတ်ပေးကြစမ်းပါ။ "

"အမေ ဒီတာအိုဆရာကျန်းက ဆရာတစ်ယောက်ပါ။ "

ကျန်းချွမ်က ကျန်းသခင်မကြီးရဲ့ အတွေးတွေကို ဖယ်ရှားခဲ့တယ်။ သူက လှည့်လိုက်ပြီးတော့ တာအိုဆရာကို အမြန်မေးလိုက်တယ်။

"ရှူကုန်တာအိုဆရာရဲ့ စကားတွေက အမှန်တွေပဲလား။ "

"ဒီဘရင်ဂျီက ဘယ်တော့မှ မလိမ်ဘူး။ "

ရှူကုန်က သူ့မုတ်ဆိတ်ကို ပွတ်သပ်လိုက်တယ်။

"ပြီးတော့ အဲ့မကောင်းဆိုးဝါးက ဒီအိမ်တော်ထဲမှာပဲ။ "

သူက ခန်းမထဲကို ပတ်လျှောက်လိုက်ပြီးတော့ သူ့ရဲ့ အကြည့်က ကျန်းယွမ် အပေါ်ကို ကျရောက်သွားတယ်။

ဒါကို မြင်တော့ အကုန်လုံးက အသက်ရှုရပ်ထားလိုက်ကြပြီးတော့ တာအိုဆရာပြောတာကို ကြားလိုက်ရတယ်။

"ဒီဘရင်ဂျီက ဒီမိန်းမပျိုလေးက ဘယ်သူလဲဆိုတာ မသိပေမဲ့ ဒီအိမ်တော်မှာ အနက်ရောင်လေထုတွေ ရှိနေတာက ဒီမိန်းမပျိုလေးကြောင့်ဖြစ်တယ်။

"

"ဒါမဖြစ်နိုင်ဘူး။ "

ရှယန်က လန့်သွားပုံပေါ်တယ်။

"သူမက ကျွန်မတို့ အိမ်တော်က အကြီးဆုံးသခင်မလေးပဲ။ "

"အကြီးဆုံးသခင်မလေးလား။ "

ရှူကုန်က ပြောလိုက်တယ်။

"ငါ အရင် ငါးနှစ်က တွေ့ခဲ့တဲ့သူလား။ သူမ အသက် ဒီလောက် ရှိသွားမယ်လို့ ငါ မမျှော်လင့်ထားဘူး။ ဒါဆိုရင်တော့ အမှား မရှိလောက်ဘူး။ "

"တာအိုဆရာကျန်း ဘာကို ပြောနေတာလဲ။ "

ကျန်းစုစုက ပြောလိုက်တယ်။

"ဘယ်လိုလုပ်ပြီးတော့ ကျွန်မရဲ့ အကြီးဆုံးအစ်မက မကောင်းဆိုးဝါးဖြစ်မှာလဲ။ "

ဒါပေမဲ့ ရှူကုန်က ကျန်းချွမ်ကို ပြောလိုက်တယ်။

"လူကြီးမင်း ဒီဘရင်ဂျီက ဒီသခင်မလေးရဲ့ မွေးနေ့ကို အရင်ငါးနှစ်က တွက်မပေးခဲ့ဘူးလား။ ပြီးတော့ သူမကို အိမ်တော်ကို ဘယ်တော့မှ ပြန်မလာဖို့ မပြောခဲ့ဘူးလား။ မဟုတ်ရင် ဒုက္ခအကြီးအကျယ်ရောက်လိမ့်မယ်။ တကယ်လို့ လူကြီးမင်းရဲ့ နှလုံးသားက ပျော့ပျောင်းရင်တောင် ကိုယ့်ကိုယ်ကို ပျက်စီးဖို့ မလုပ်နိုင်ပါဘူး။ "

ဒီမှာ ရှိနေတဲ့သူတွေက ဒီပုံပြင်ကို တစ်ခါမှ မကြားဖူးတော့ ကျန်းချွမ်က အရင်တုန်းက ဒီတာအိုဆရာကို ခေါ်တာ မဆန်းပါဘူးလို့ တွေးလိုက်ကြတယ်။ သူက ကျန်းယွမ်ကို လွှန်ခဲ့တဲ့ ငါးနှစ်ကတည်းက သူမရဲ့ ကံကြမ္မာကို ကူတွက်ပေးသွားခဲ့တာလား။

ဒါပေမဲ့ ရှယန်က ခေါင်းယမ်းလိုက်တယ်။

"ဒါပေမဲ့ ဘာတွေပဲဖြစ်ဖြစ် သူမက သခင်ကြီးရဲ့ သမီးပဲလေ။ ဒါ့ကြောင့် သခင်ကြီးက သူမကို ဒီလို ဘယ်လိုလုပ်ပြီးတော့ ထားနိုင်မှာလဲ။ တာအို ဆရာကျန်းက ဘာဖြေရှင်းချက်တွေ ရှိလဲ။ "

ကျန်းယွမ်က နားထောင်နေပြီးတော့ သူမရဲ့ အပြုံးက ထေ့ငေါ့တဲ့ အရိပ်အရောင်တွေ ပါနေတယ်။ ရှယန်ပြောလိုက်တာက မသိသေးတဲ့သူ တွေကို သူမနဲ့ ကျန်းချွမ်ရဲ့ နက်ရှိုင်းတဲ့ သားအဖ နှောင်ကြိုးကို ခိုင်မာတယ်လို့ ထင်သွားစေမှာဖြစ်တယ်။ တကယ်လို့ အင်ပါယာအဖွဲ့ဝမ်သာ အစီရင်ခံစာ မတင်ခဲ့ရင် ကျန်းချွမ်က သူမကို ကျေးလက်က အိမ်တော်က နေ ကျန်းမိသားစုရဲ့ အကြီးဆုံး သခင်မလေးက မရှိခဲ့သလို ခေါ်ခဲ့မှာ မဟုတ်ဘူး။

"အမေ ဘာတွေ ဖြစ်နေတာလဲ။ "

ကျန်းချောင်က ပြောလိုက်တယ်။

"တာအိုဆရာကျန်းရဲ့ စကားတွေက ဘာကို ဆိုလိုတာလဲ။ "

"ဒါက...."

ရှယန်က ကျန်းယွမ်ကို ခက်ခဲနေတဲ့ပုံနဲ့ ကြည့်လိုက်ပြီးတော့ အရမ်းပြော ဖို့ခက်နေတဲ့ ပုံနဲ့ နေနေတယ်။

အခြေအနေကို မြင်ပြီးတော့ ရှူကုန်က ပြောလိုက်တယ်။

"ဒီဘရင်ဂျီက ကျန်းအိမ်တော်ရဲ့ အကြီးဆုံးသခင်မလေးရဲ့ ကံကြမ္မာကို တွက်ပေးခဲ့ဖူးတယ်။ ပြီးတော့ သူမက တခြားသူတွေရဲ့ ဖြစ်တည်မှုကို အ နှောက်အယှက်ပေးတဲ့သူ ဖြစ်နေတယ်။ သူမက သူမရဲ့ အမေနဲ့ သူမရဲ့ အနာဂတ်အမျိုးသားကို ကျိန်စာသင့်စေပြီးတော့ ဒီတစ်သက် သူမရဲ့ အမျိုး

တွေကိုလည်း ကျိန်စာသင့်စေတယ်။   သူမက သွေးနဲ့ သေဆုံးခြင်း ဘေးကပ်ဆိုးတွေကို သယ်ဆောင်လာပြီးတော့ သူမက ကျိန်စာသင့်စွာ မွေးဖွားလာလို့ အဲဒါက သူမရဲ့ဘဘာဝပဲ။ "

သူများရဲ့ဖြစ်တည်မှုကို အနှောက်အယှက်ဖြစ်စေတယ်။

ဒီစကားတွေ ပြောပြီးတာနဲ့ အကုန်လုံးက အံ့အားသင့်သွားကြတယ်။  သူတို့က မသိစိတ်နဲ့ ကျန်းယွမ်ကို ကြည့်လိုက်ကြတယ်။   ပြီးတော့ သူတို့ရဲ့အကြည့်တွေက ကြောက်ရွံ့မှုတွေနဲ့ ပြည့်နှက်နေတယ်။   သူမက လှနေရင်တောင် အကုန်လုံးရဲ့ မျက်လုံးထဲမှာ သူမကမကောင်းဆိုးဝါးနဲ့ မခြားဘူး။

ကျန်းယွမ်က သူမကို ကြည့်တဲ့ အကြည့်တွေကို မတုံ့ပြန်ဘူး။   သူမက တိတ်ဆိတ်စွာနဲ့ ရပ်နေတယ်။  ခဏကြာတော့ သူမက ရယ်လိုက်တယ်။

"နင် ဘာရယ်နေတာလဲ။ "

တခြားသူရဲ့ကံမကောင်းမှုကို ဝမ်းသာနေတဲ့ ကျန်းလီက မေးလိုက်တယ်။

"အစ်မရယ်တာ ဘာလို့လဲဆိုတော့ ရှုကုန်တာအိုဆရာကို ကျေးဇူးတင်လို့ပါ။  သူ့ကြောင့်ပဲ ယွမ်နိုင်က ကျိန်စာသင့်ကြယ်ကို ပိုင်ဆိုင်ပြီးတော့ တခြားသူတွေရဲ့တည်ရှိမှုကို အနှောက်အယှက် ဖြစ်စေတာကို သိသွားတာ။ "

ဒီစကားတွေက မရှင်းလင်းမှုတချို့ပါပြီးတော့ လူတွေက သူမကို နားမလည်နိုင်တဲ့ အကြည့်နဲ့ ကြည့်နေကြတယ်။  ကျန်းယွမ်က ပြောလိုက်တယ်။

"တာအိုဆရာကျန်းက ယွမ်နိုင်ရဲ့မွေးနေ့ကို လွန်ခဲ့တဲ့ ငါးနှစ်က တွက်ပေးခဲ့ပြီး ထွက်သွားလို့ ငါးနှစ်ကြာပြီးတော့ ဆရာက ဒီကျိန်စာသင့်တဲ့ ကံကြမ္မာ

ကို ပြောင်းလဲပေးနိုင်တဲ့ အစီအစဉ်ရှိမှာပေါ့နော်။ "

ရှူကုန်က ကြောင်သွားပြီးတော့ ခေါင်းယမ်းလိုက်ပြီး ပြောလိုက်တယ်။

"သခင်မလေးရဲ့ လက္ခဏာက အရမ်းပြင်းတယ်။ ဒါ့ကြောင့် ဒီဘရင်ဂျီရဲ့ ပညာနဲ့ ဘာမှ လုပ်ပေးလို့မရဘူး။ "

ကျန်းယွမ်က ခေါင်းခါလိုက်ပြီး ပြောလိုက်တယ်။

"တာအိုဆရာကျန်းရဲ့ စကားတွေက ယုတ္တိရှိပေမဲ့ တာအိုဆရာကျန်းရဲ့ စကားတွေအရဆိုရင် ကျွန်မက ကျွန်မရဲ့ ယောကျာ်း၊ အမေနဲ့ ကျွန်မရဲ့ ဆွေမျိုးတွေကို ဒုက္ခပေးမှာပေါ့။ ဒါပေမဲ့ ကျွန်မ ကျေးလက်မှာ ငါးနှစ်နေခဲ့တုန်းက ကျွန်မ ဘယ်သူ့ဆီကိုမှ ကံမကောင်းမှုတွေ ယူဆောင်မလာခဲ့ဘူး။ ကျွန်မရဲ့ ခန္ဓာကိုယ်က အားနည်းတာကလွဲပြီး ကျေးလက်က ခြံဝန်းထဲက လူတွေက တစ်နေ့တစ်နေ့ ပိုတောင် နေကောင်းလာသေးတယ်။ ဒါကိုရော ဘယ်လို ရှင်းပြမှာလဲ။ "

ဒီစကားတွေက သူတို့အတွက် အခြားအဓိပ္ပာယ်ရှိပြီးတော့ လက်ရှိ ဧည့်သည်တွေ အကုန်လုံးက ထက်မြက်ကြတယ်။ သူတို့က ပုံမှန်ဆိုရင် လူမှုရေးဆွေးနွေးပွဲတွေ တက်ရောက်ကြတော့ သူတို့ မကြားဖူးတဲ့ အဓိပ္ပာယ်က ဘယ်လိုလုပ်ပြီး ရှိနိုင်မှာလဲ။ ရှယန်က သူမရဲ့ နားသယ်မွေးကို ဘာရည်ရွယ်ချက်မှ မရှိပဲ ထိလိုက်သလို ဟန်ဆောင်လိုက်ပြီးတော့ ရှူကုန်က ချက်ချင်းပဲ ပြောလိုက်တယ်။

"အဲဒါက ဘာလို့လဲဆိုတော့ ကျေးလက်က အိမ်တော်က လူတွေက သခင်မလေးရဲ့ ဆွေမျိုးတွေ မဟုတ်လို့ပဲ။ သူတို့က လယ်သမားတချို့နဲ့ အစေခံတွေပဲလေ။ "

"ဒီတော့ အဲဒါက ဒီလိုပေါ့။ "

ကျန်းယွမ်က ရုတ်တရက် အကုန်လုံးကို သဘောပေါက်တဲ့ပုံနဲ့ သူမ မျက်နှာပေါ်မှာ အပြုံးလေးတစ်ခု ထွက်လာပြီးတော့ သူမက ပြောလိုက်တယ်။

"အဲဒါကြောင့် ယွမ်နိုင် ကျေးလက်က အိမ်တော်ကနေ ပြန်လာတာနဲ့ ကျန်းအိမ်တော်မှာ ပြဿနာတွေ အများကြီး ဖြစ်တာပေါ့။ "

"အဲဒါ အမှန်ပဲ။ "

ရှူကုန်က ခေါင်းညိတ်ပြီး ပြောလိုက်တယ်။

"ဒါဆို အရင်ဆုံး ကျိန်စာသင့်မှာက ကျွန်မနဲ့ အနီးစပ်ဆုံး ဆွေမျိုးမလား။ "

ကျန်းယွမ်က ကျန်းချွမ်ကို ကြည့်ပြီး ပြောလိုက်တယ်။

"အဲ့အချက်အပေါ် မူတည်ပြီး ပြောရရင် ကျွန်မက ကျွန်မရဲ့ အမေကို သေစေခဲ့ပြီးတော့ ကျွန်မ အိမ်တော်ကို ပြန်ရောက်ရောက်ချင်း ကျိန်စာသင့်ရမယ့် ပထမဆုံးသူက အဖေပဲလေ။ ဘယ်လိုလုပ်ပြီးတော့ ..... အဲဒါက ဒုတိယအစ်ကိုနဲ့ ဒုတိယညီမ ဖြစ်နေရတာလဲ။ "

ကျန်းချွမ်က ကျန်းယွမ်ရဲ့ စကားတွေကို ကြားတာနဲ့ သူ့ရဲ့ ရင်ထဲမှာ ဝမ်းနည်းမှုကို ခံစားလိုက်ရတယ်။ ရှူကုန်က ခဏရပ်ပြီးတော့ ပြောလိုက်တယ်။

"ဒါက..... ဘရင်ဂျီလည်း မသိဘူး။ "

"ဒီတော့ တာအိုဆရာကျန်း မသိတဲ့အရာတွေလည်း ရှိသေးတာကိုး။ "

ကျန်းယွမ်က ပြုံးလိုက်တယ်။

"အမေ အမေရော သမီးက ကျိန်စာသင့်နေတယ်လို့ ထင်လား။ "

"မထင်... မထင်ပါဘူး။ "

ရှယန်က မျက်ရည်တွေကို သုတ်လိုက်တယ်။

"ဒါပေမဲ့ ယွမ်အာ...."

သူမက ဆက်မပြောနိုင်တော့ပဲ အရမ်းဝမ်းနည်းစွာနဲ့ ကြည့်နေတယ်။

"အဖေ ယွမ်နိုင်က ကျိန်စာသင့်ကြယ်အောက်မှာ မွေးတာလို့ အဖေရော ထင်နေတာလား။ "

ကျန်းယွမ်က ကျန်းချွမ်ကို ကြည့်လိုက်တယ်။

ကျန်းချွမ်က သူမကို ကြည့်လိုက်တယ်။ ကျန်းယွမ်က ပြုံးနေပေမဲ့ သူမရဲ့ လှပတဲ့ မျက်ဝန်းတစ်စုံက ရေခဲရေလို အေးစက်နေပြီးတော့ သူ့ကို ကျောချမ်းစေတယ်။ သူက ခဏလောက် သတိလက်လွတ်ဖြစ်သွားပြီးတော့ အခေါင်းထဲမှာ မျက်တွင်းချောင်ချောင်နဲ့ လှဲနေတဲ့ ကျောက်မိန်ကို မြင်လိုက်ရသလိုပဲ။ သူက ကြောက်လန့်သွားပြီး ချက်ချင်းပဲ အသက်ရှူ ကြပ်သွားတယ်။ ပြီးတော့ သူက အေးစက်စွာအော်လိုက်တယ်။

"မင်း ကျန်းအိမ်တော်တစ်အိမ်လုံးကို ဒုက္ခရောက်စေချင်တာလား။ "

"ဘာလို့ ယွမ်နိုင်က ကျန်းအိမ်တော် တစ်အိမ်လုံးကို ဒုက္ခပေးချင်ရမှာလဲ။ "

ကျန်းယွမ်က မေးလိုက်တယ်။ တကယ်လို့ သူမက သူတို့ကို လွယ်လွယ်နဲ့ ဒုက္ခပေးရင် သူတို့က ဘယ်လိုလုပ်ပြီးတော့ ရောင့်ရဲနိုင်မှာလဲ။ သူမက သူမ ခြေဖဝါးအောက်မှာ တစ်ဆင့်ပြီးဆစ်ဆင့် နင်းခြေပြီးတော့ သူတို့ ဖုန်ဖြစ်ပြီး ကမ္ဘာပေါ်ကနေ ပျောက်ကွယ်သွားတာကို သေချာအောင် လုပ်မှာ ဖြစ်တယ်။

ကျန်းယွမ်က ကျန်းသခင်မကြီးကို ကြည့်လိုက်ပေမဲ့ ကျန်းသခင်မကြီးက အနုပ်စုတ်ကုပ်စုတ် ဒရာမာကို မမြင်ချင်လို့ မျက်လုံးမှိတ်ထားတာ ကြာပြီ

ဖြစ်တယ်။ ရှယန်က မေးလိုက်တယ်။

"တာအိုဆရာကျန်း ဒါဆို အခု ကျွန်မတို့ ဘာလုပ်သင့်လဲ။ "

ရှူကုန်က ကျန်းယွမ်ကို ကြည့်လိုက်တယ်။

"တကယ်လို့ အရင်ကလို သူမကို ကျေးလက်က အိမ်တော်မှာ နေခိုင်းရုံနဲ့ လုံလောက်တယ်။ ဒါပေမဲ့ သူက အိမ်တော်ကို ရောက်လာပြီမို့လို့ အခု လေထုကတောင် မကောင်းဆိုးဝါးအငွေ့အသက်တွေ တစ်နေ့ပြီးတစ်နေ့ ကြီးထွားလာတယ်။ ဘိုးဘေးဘုရားကျောင်းတစ်ခု ရှာပြီးတော့ သူမကို နှစ်အနည်းငယ် နေခိုင်းပြီးရင်တော့ အရာအားလုံးက သက်သာသွားပြီး တော့ အဲဒါကို ဖြေရှင်းလို့ ရရင် ရမှာဖြစ်တယ်။ "

ကျန်းယွမ်နောက်မှာ ရပ်နေတဲ့ လန်ချောင်က စိတ်သက်သာရာရသွား တယ်။ ဘယ်လောက်တောင် ရက်စက်တဲ့ အကြံလဲ။ ဘုရားကျောင်းမှာ နှစ်အနည်းငယ်လောက် သီလရှင်ဝတ်ပြီးရင် မြို့တော်ကလူတွေက ကျန်း ယွမ်ဆိုတဲ့ လူကို မေ့သွားကြမှာကို သူမကြောက်မိတယ်။ အချိန်ကုန်သွား တာနဲ့ ကျန်းယွမ်က အသက်ကြီးပြီးရင်း ကြီးလာမှာဖြစ်ပြီးတော့ သူမ အတွက် ကောင်းမွန်တဲ့ အိမ်ထောင်ဖက် ရှာတွေ့ဖို့ ခက်ခဲလာမှာဖြစ်တယ်။

မှားတယ်။ ရှယန်က လူတွေ အများကြီး ရှေ့မှာ သူမက ကျိန်စာသင့်တဲ့ လက္ခဏာနဲ့ မွေးဖွားလာတယ်လို့ ပြောခဲ့ပြီးပြီ။ ဒါ့ကြောင့် မြို့တော်က ဘယ်မိသားစုကမှ သူမကို လိုချင်ကြမှာ မဟုတ်ဘူး။ သူတို့က သူမဆီက နေ ပုန်းနေကြမှာကို သူမ စိုးရိမ်မိတယ်။

အကုန်လုံးက တိတ်ဆိတ်နေကြတယ်။ ရုတ်တရက် နှိမ့်ချပြီး အသံသြသြ က ထွက်ပေါ်လာတယ်။

"တာအိုဆရာကျန်း ကျေးဇူးပြုပြီး မင်းရဲ့ စကားတွေကို သတိထားပါ။

***

Part 77

အခန်း- ၇၆

အပိုင်း(၁)

မှုတ်ဆိတ်ဖြူနဲ့ အဝါရောင် သင်္ကန်းခြုံထားတဲ့ ဘုန်းတော်ကြီးက ခန်းမထဲကို တုတ်ကောက်တစ်ချောင်းနဲ့ ဖြည်းညင်းစွာ ဝင်လာတယ်။ တာအိုဆရာ ရှူကုန်နဲ့ ယှဉ်ရင် ဒီဝါရင့်တဲ့ ဘုန်းတော်ကြီးက ကြည်ညိုဖွယ်ကောင်းပြီးတော့ နူးညံ့သိမ်မွေ့တဲ့ ရုပ်ရည်နဲ့ သူ့ရဲ့ လှုပ်ရှားမှုတွေကို ညစ်ညမ်းမှုတွေကို ဖယ်ထုတ်တဲ့ သန့်ရှင်းတဲ့လေထုနဲ့ လွှမ်းခြုံထားသလိုပဲ။ သူက ဘုရားသားတော်တွေရဲ့ စံနမူနာဖြစ်တယ်။

သူမ ဒီဘုန်းတော်ကြီးကို တွေ့တာနဲ့ လန်ချောင်က အသက်ပြင်းပြင်း ရှူလိုက်တယ်။ ခန်းမထဲက တစ်ယောက်ယောက်က ဘုန်းတော်ကြီးကို မှတ်မိပြီးတော့ အံ့အားသင့်စွာ အော်ပြောလိုက်တယ်။

"ဒါက မဟာဘုန်းတော်ကြီး ဟွိုင်ကျွဲမလား။ သူက ဒီမှာ ဘာလုပ်နေတာလဲ။ "

မဟာဘုန်းတော်ကြီး ဟွိုင်ကျွဲရဲ့ နာမည်က ရှူကုန်တာအိုဆရာကျန်းထက် ပိုကျော်ကြားတယ်။ မြို့တော်ထဲက ချန်းသာပြီး မြင့်မြတ်တဲ့ ဘယ်သူမဆို

အရင်နှစ်ကုန်ပိုင်းက ဗုဒ္ဓတရားတော်နဲ့ အညီ ကျင့်ကြံတဲ့ ဘုန်းတော်ကြီးကို မသိတဲ့သူ မရှိကြဘူး။

ရှယန်ရဲ့ အကြည့်တွေက ဟွိုင်ကျွဲပေါ်ရောက်လာတယ်။ သူမက ဒါက မကောင်းမှန်းသိပေမဲ့ ကျန်းယွမ်က ခန်းမအလယ်မှာ အပြုံးတစ်ပွင့်နဲ့ ရပ်နေတုန်းပဲဖြစ်တယ်။ ရှယန်က ချက်ချင်းပဲ သံသယတွေနဲ့ ပြည့်နှက်သွားတယ်။ ကျန်းယွမ်က ဒီဘုန်းကြီးနဲ့ ဘယ်လိုလုပ်ပြီးတော့ အဆက်အသွယ်ရှိသွားတာလဲ။ ဒါပေမဲ့ အဲ့နေ့က အဖြစ်အပျက်တွေကို တွေးရင်းနဲ့ သူမက ဟွိုင်ကျွဲကို သူမရဲ့ အကြံကို ဟန့်တားဖို့ လုံးဝ ခွင့်မပြုနိုင်ဘူး။ ဒီတော့ သူမက ပြုံးပြီး ပြောလိုက်တယ်။

"မဟာဘုန်းတော်ကြီးက ဘာလို့ အိမ်တော်ကို လာတာပါလဲ။ မကောင်းဆိုးဝါးကို နှိမ်နင်းဖို့လား။ "

ဟွိုင်ကျွဲက လက်အုပ်ချီပြီး ခေါင်းငုံ့ရင်း နှုတ်ဆက်လိုက်တယ်။

"အမိထဘ"

သူက ကျန်းယွမ်ကို ကြည့်လိုက်ပြီးတော့ နှုတ်ဆက်လိုက်တယ်။

"သခင်မလေး"

"မမ ပုံမှန်နေ့တွေမှာဆိုရင် မမက အပြင်မထွက်ပါဘူး။ ဘယ်တုန်းက မဟာဘုန်းတော်ကြီးနဲ့ သိကျွမ်းသွားတာလဲ။ "

ကျန်းစုစုရဲ့ အသံက အပြစ်ကင်းပုံပေါ်ပေမဲ့ သူမရဲ့ စကားလုံးတွေက စွပ်စွဲချက်တွေဖြစ်နေတယ်။ သူတို့က တကယ်လို့ ကျန်းယွမ်က တကယ်ပဲ သူမရဲ့ နေရာမှာ သူမ နေတဲ့ မွန်မြတ်တဲ့ မိန်းကလေးဆိုရင် သူမက လူတွေကို သူတွေ့ချင်တိုင်း တွေ့လို့ရမှာမဟုတ်ဘူး။ အဲ့တာက ဘုန်းတော်ကြီး ဆိုရင်တောင်ပေါ့။

ကျန်းယွမ်က သက်ပြင်းချလိုက်ပြီးတော့ စင်ပေါ်မှာ မျက်လုံးဖွင့်လိုက်တဲ့ ကျန်းသခင်မကြီးကို ကြည့်လိုက်တယ်။

"ဒါက အဘွားအတွက် သမီးရဲ့မွေး နေ့လက်ဆောင်ပါ။ "

လေးလံတဲ့ အသံနဲ့ ကျန်းချွမ်က မေးလိုက်တယ်။

"ဒါက ဘယ်လိုဖြစ်တာလဲ။ "

သူက ဟွိုင်ကျွဲကို ရှူကုန်တာအိုဆရာကျန်းနဲ့ ယှဉ်ရင် မဟာဘုန်းတော်ကြီး ဟွိုင်ကျွဲက နှစ်ယောက်ထဲမှာ ပိုပြီး ယုံလို့ရတဲ့သူဆိုတာ သိတယ်။ ဒါပေမဲ့ ဘုန်းတော်ကြီးက ကျန်းယွမ်နဲ့ ဆက်နွယ်နေတာကြောင့် သံသယဖြစ်မှုက အတိုင်းအတာတစ်ခုထိတော့ မလွဲမသွေရှိတယ်။

"မကြာသေးခင်က သမီးက သမိုင်းပညာရှင်ကြီးလင်းရဲ့ အိမ်တော်က သခင်မလေး လင်ဇီရှန်းနဲ့ အတူအပြင်ထွက်ဖြစ်ပြီးတော့ အဘွားအတွက် လက်ဆောင် သွားရွေးပေမဲ့ သင့်တော်တာကို ရှာမတွေ့ခဲ့ဘူး။ အဘွားက အစားအစာ ဒါမှမဟုတ် အဝတ်အစားကို ပူစရာမလိုဘူး။ ပြီးတော့ ငွေကုန်ကြေးကျများတဲ့ ပစ္စည်းကိုလည်း အဘွားက စိတ်ဝင်စားမှာ မဟုတ်ဘူး။ ဒီကမ္ဘာပေါ်မှာ ငြိမ်းချမ်းခြင်းနဲ့ ကျန်းမာရေးကောင်းစွာနဲ့ အသက်ရှည်ရှည်နေရတာ လောက် အရေးကြီးတာ မရှိဘူးလို့ ယွမ်နိုင်တွေးမိတယ်။ မြို့တော်ထဲက မဟာဘုန်းတော်ကြီး ဟွိုင်ကျွဲက , a disciple of Buddha’s Seat[1]. ပြီးတော့ သမိုင်းပညာရှင်ကြီးလင်းရဲ့ အိမ်တော်က မဟာဘုန်းတော်ကြီးနဲ့ အချိတ်အဆက်ရှိတယ်တဲ့။ ဒါ့ကြောင့် မဟာဘုန်းတော်ကြီးကို အဘွားအတွက် ဆုတောင်းပေးစေချင်လို့ သမီးက လင်ဇီရှန်းကို အကူအညီတောင်းလိုက်တာ။ "

မြို့တော်ထဲက ချမ်းသာပြီး မြင့်မြတ်တဲ့ မိသားစုတွေ အကုန်လုံးက ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ကြပြီးတော့ သူတို့ အများစုက မဟာဘုန်းတော်ကြီး

ဟွိုင်ကျွဲကို သူတို့ရဲ့ အိမ်တော်တွေဆီကို ပင့်ပြီးတော့ ဗုဒ္ဓကျမ်းစာတွေကို ရှင်းပြခိုင်းတယ်။ လင်ဇီရှန်းရဲ့ အမေကလည်း ဗုဒ္ဓဘာသာဝင် တစ်ယောက်ဖြစ်တယ်။ ဒါ့ကြောင့် ကျန်းယွမ် ဂုဏ်ပြုထမင်းစားပွဲမှာ အပေးခံခဲ့ရတဲ့ ရှင်းပြချက်က သံသယဖြစ်စရာ မလိုဘူး။

သူမက ဒီလိုရိုးသားမှုမှုကို သူမကို စိတ်ပျက်စေပြီး သံသယရှိသလို ပြောခဲ့တယ်။ ကျန်းယွမ်က သိမ်မွေ့စွာ ပြောလိုက်တယ်။

"တကယ်လို့ ယွမ်နိုင်က အမေ တာအိုဆရာကျန်းကို ကျန်းအိမ်တော်အတွက် ဆုတောင်းဖို့ ဖိတ်ထားပြီးပြီမှန်းသိရင် သမီးက သေချာပေါက် ဒီဆုံးဖြတ်ချက်ကို ချခဲ့မှာ မဟုတ်ပါဘူး။ "

သူမက ဟွိုင်ကျွဲကို ရိုသေစွာ အရိုအသေပေးလိုက်ပြီးတော့ ပြောလိုက်တယ်။

"လေးစားရပါသော မဟာဘုန်းတော်ကြီး ဟွိုင်ကျွဲက ယွမ်နိုင်က ရှင့်ရဲ့ အဘွားအတွက် လာဆုတောင်းပေးတဲ့ ဒီခရီးအတွက် လုံလုံလောက်လောက် ကျေးဇူးမတင်နိုင်ခဲ့ဘူး. ဒါပေမဲ့ အခု တာအိုဆရာကျန်းက ဒီမှာ ရှိနေတော့ အဲ့တာက မလိုအပ်တော့ဘူးထင်တယ်။ "

သူက ပြုံးပြီး ပြောလိုက်တယ်။

"ဒါပေမဲ့ အခုလက်ရှိမှာ တာအိုဆရာကျန်းက သရဲနှင်ဖို့ လုပ်နေပြီးတော့ အဘွားအတွက် ကြင်နာစွာနဲ့ ဆုတောင်းမပေးဘူးမလား။ ရှင့်ရဲ့ ဆုတောင်းတွေက အချိန်ကြာကြာခံပြီးတော့ ဆက်တိုက် ကံကောင်းခြင်းတွေ ရကြပါစေ။ "

အကုန်လုံးက သူမရဲ့စကားတွေကို ကြားတော့ လန့်သွားကြတယ်။ နက်နက်ရှိုင်းရှိုင်းတွေးတဲ့သူတွေက တကယ်လို့ ဒီကျန်းမိသားစုရဲ့ အကြီးဆုံး

သမီးလေးက တစ်ခုခုအကြောင်းကို မကြောက်ပဲနဲ့ သူက ဒီလိုအချိန်မှာ ဆုတောင်းဖို့အတွက် ခေါ်လာနိုင်သေးတယ်။ တခြား ဒီကိစ္စရဲ့ အပေါ်ယံကိုပဲ ကြည့်တဲ့သူတွေက ကျန်းယွမ်ကို ချီးမွမ်းနေကြတယ်။ သူမက သူမရဲ့ ကျိန်စာသင့်နေတဲ့ ကံကြမ္မာအပေါ်ကို စိုးရိမ်တဲ့ပုံမပြပေမဲ့ သူမရဲ့ အဘွား ကို ဆုတောင်းဖို့အတွက်တော့ စိုးရိမ်နေတယ်။ ဒါက ကြည်ညိုစရာကောင်းတဲ့ လုပ်ရပ်တစ်ခုပဲ။ ဆန့်ကျင်ဘက်အနေနဲ့ ရှုရန်နဲ့ သူ့သား ကျန်းချွမ် အပါအဝင် တခြားသူတွေက အဲ့ကံကြမ္မာကို ရည်ညွှန်းတဲ့ အရာကိုပဲ စိုးရိမ်နေကြပြီးတော့ သခင်မကြီးက အဲ့အချိန်မှာ ဘယ်လိုခံစားနေရတာကို ပြောင်ပြောင်တင်းတင်း လျစ်လျူရှုထားခဲ့ကြတယ်။

ကျန်းသခင်မကြီးက ကျန်းယွမ်ကို တည်ငြိမ်စွာကြည့်လိုက်တယ်။ သူမက ဘာမှမပြောပေမဲ့ သူမရဲ့ မျက်ဝန်းထဲမှာ နားလည်တဲ့ အရိပ်အရောင်က ဖြတ်သွားတယ်။ သူမက မငြင်းဘဲနဲ့ ဘာဖြစ်လာမလဲဆိုတာကို တိတ်တဆိတ် စောင့်ကြည့်နေတယ်။

"တာအိုဆရာကျန်းကလည်း ဆုတောင်းပေးလို့ရပါတယ်။ "

ရှယန်က ပြောလိုက်တယ်။ တခြားထူးခြားတဲ့ အဖြစ်အပျက်တွေ ထွက်ပေါ်လာမှာစိုးလို့ စိုးရိမ်စွာနဲ့ ပြောလိုက်တယ်။

"ကျွန်မတို့ မဟာဘုန်းတော်ကြီးကို မဆင်မပြေအောင် လုပ်မှရမှာလား။ "

ရှိနေတဲ့သခင်မတွေထဲက တစ်ယောက်က တိတ်ဆိတ်စွာ မနေနိုင်တော့လို့ နောက်ဆုံးမှာ အကုန်လုံးကို သတိပေးလိုက်တယ်။

"ကောင်းကောင်း ဆိုးဆိုး ဒါက အကြီးဆုံးကျန်းသခင်မလေးရဲ့ နှလုံးသားထဲက ရည်ရွယ်ချက်ပဲ။ ငါတို့က ဘယ်လိုလုပ်ပြီးတော့ ဒီကလေးကို စိတ်ပျက်စေရမှာလဲ။ "

"အဲ့တာ အမှန်ပဲ မြို့တော်ထဲမှာ ရှိတဲ့သူတွေ အကုန်လုံးက မဟာဘုန်းတော်ကြီး ဟွိုင်ကျွဲ အကြောင်း သိကြတယ်။ သူ့ရဲ့ ကောင်းချီးကို ခံယူချင်တဲ့သူတွေရှိပေမဲ့ ဒီဆန္ဒကို အကောင်အထည်မဖော်နိုင်တဲ့သူ ဘယ်နှစ်ယောက်တောင်ရှိလဲ ဆိုတာ သိရဲ့လား။ "

လူအုပ်ထဲမှာ ထောက်ခံတဲ့အသံတွေက ဆူညံလာတယ်။ ကျန်းယွမ်က သနားစရာလေးလို့ တချို့က တွေးနေတဲ့ အချိန်မှာ တချို့က လူအုပ်နဲ့အတူ အခွင့်ကောင်းယူနေကြတယ်။ ကျန်းယွမ် တစ်ယောက်တည်း တိတ်ဆိတ်စွာနဲ့ မတ်တပ်ရပ်နေပြီးတော့ သူမရှေ့က အခြေအနေကြောင့် သူမရဲ့ စိတ်က နည်းနည်းလေးတောင် တုန်လှုပ်မသွားသလိုပဲ သူမရဲ့ နှုတ်ခမ်းလေးတွေက ပြုံးနေတယ်။

ဟွိုင်ကျွဲက သူမနဲ့ ကပ်ပြီး မတ်တပ်ရပ်နေပြီးတော့ သူမရဲ့ မျက်နှာကို သေသေချာချာ မြင်ရတယ်။ သူခန်းမထဲကို ဝင်လာတာနဲ့ သူက လူတွေက သူမကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားနေကြပေမဲ့ သူ့ရှေ့က ဒီမိန်းမပျိုလေးကတော့ အားလုံးကို သူမက ဆုပ်ကိုင်ထားသလို မတ်တပ်ရပ်နေပြီး ပြုံးနေတုန်းပဲ။ သူက ကျန်းယွမ်က အဲ့နေ့က ထွက်မသွားခင် ပြောခဲ့တဲ့ အတိုင်းပဲ။ သူမပြောသမျှ အကုန်လုံး ဖြစ်ခဲ့တယ်။ စီရင်စုတရားသူကြီးရဲ့ အိမ်တော်က တကယ်ပဲ သရဲခြောက်နေပြီးတော့ သူတို့က သူ့ကို နောက်တစ်ရက်မှာပဲ သရဲနှိမ်နင်းပေးဖို့ ဖိတ်ကြတယ်။ သူမပြောတာက အမှန်များဖြစ်နေမလား။ ဒီကမ္ဘာပေါ်မှာ အတိတ်ကိုသိသလို အနာဂတ်ကိုလည်း သိတဲ့သူတွေ တကယ်ပဲ ရှိနေတာများလား။ သူ့ရဲ့နှလုံးသားထဲက နက်ရှိုင်းတဲ့ တစ်နေရာမှာ သူက ဒီအယူအဆကို ခိုင်ခိုင်မာမာနဲ့ ငြင်းပယ်လိုက်တယ်။

အကြီးဆုံးကျန်းသခင်မလေးရဲ့နောက်မှာ သူမကို ညွှန်ကြားနေတဲ့သူတစ်ယောက်ယောက် ရှိကိုရှိရမယ်။ မဟုတ်ရင် သူမက ဘယ်လိုလုပ်ပြီး

တော့ ဒီလောက် သိနေမှာလဲ။

သူက ခေါင်းယမ်းလိုက်ပြီးတော့ ပြောလိုက်တယ်။

"ဒီနေ့ ဒီကိုယ်တော်က ဒီကျွန်းသခင်မကြီးအတွက် ဆုတောင်းပေးဖို့ လာတာပဲ။ ဒါပေမဲ့ အခု ဒီကိုယ်တော်က တာအိုဆရာကျွန်းပြောတာကို ကြားပြီးတော့ ဆက်ပြီး တိတ်တိတ်မနေနိုင်တော့ဘူး။ "

ရှယန်က ဒါကို ကြားတော့ သူမက တစ်ခုခုမှားနေတာကို ခံစားမိလိုက်ပြီးတော့ ချက်ချင်းပဲ ပြုံးပြီးတော့ ပြောလိုက်တယ်။

"မဟာဘုန်းတော်ကြီး မွေးနေ့ပွဲပြီးရင် ကျွန်မတို့ကို သီးသန့်တွေ့ပြီးတော့ ဘာပဲပြောပြော ရပါတယ်။ "

"ငါတို့ ဘုန်းတော်ကြီးတွေက မုသားတွေ မဆိုဘူး။ "

ဟွိုင်ကျွဲက ပြောလိုက်တယ်။

"ဒီဘုန်းတော်ကြီးက အကြီးဆုံးကျွန်းသခင်မလေးက နဖူးပြည့်၊ ဖြောင့်စင်းတဲ့ နှာတံ၊ ပြည့်ဖြိုးပြီး ချောမွတ်တဲ့ နှုတ်ခမ်းလေးတွေရှိတာကို မြင်ရပြီးတော့ သူမရဲ့ အသွင်အပြင်က ကံကောင်းခြင်းတွေနဲ့ ပြည့်စုံနေတဲ့ သူတစ်ယောက်လို့ပဲ မြင်တယ်။ ကျိန်စာသင့်ကြယ်အောက်မှာ မွေးဖွားလာတာဟုတ်လား။ တာအိုဆရာကျွန်း ပြောလိုက်တာက အယူမှားကြီး မဟုတ်ပေဘူးလား။ "

သူက ဒါတွေ အကုန်လုံးကို ဖြောင့်မတ်ပြီးတော့ လမ်းနာတဲ့ ပုံနဲ့ သူ့ကို မယုံဘဲ မနေနိုင်တဲ့သူတွေကို ပြောလိုက်တယ်။ ဟွိုင်ကျွဲ ထွက်ပေါ်လာတဲ့ အချိန်မှာ ရှူကုန်တာအိုဆရာကျွန်းက သူက သာမာန်လူတွေကိုပဲ လိမ်လည်တဲ့ လူလိမ်တစ်ယောက်ဖြစ်လို့ ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိဘဲ တုန်လှုပ်တာကို ခံစားလိုက်ရတယ်။ အချိန်ကိုက်ပဲ သူက ရှယန် အမိန့်ပေးထားလို့

လာတာဖြစ်တယ်။ သူက ကျော်ကြားပြီး မြို့တော်က လူတွေကြားထဲမှာ သဘောကျခံရတဲ့ ဟွိုင်ကျွဲကို ဘယ်တော့မှ ယဉ်နိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ သူက ဒီအခြေအနေထိ ရောက်နေပြီဖြစ်လို့ သူ့မှာ ဆက်ပြီး မပြောလို့ မဖြစ်တော့ဘူး။ ဒီတော့ သူက မောက်မာတဲ့ သဘောထားနဲ့ ပြောလိုက်တယ်။

"မဟာဘုန်းတော်ကြီးက အမှားလုပ်မိတာများလား။ ဒီဘရင်ဂျီကလည်း မောင်တောင်တန်းအကြောင်း လေ့လာပါတယ်။ ပြီးတော့ အနာဂတ်ကို ဟောတဲ့နေရာမှာ မမှားဖူးဘူး။ ကျွန်တော်က အကြီးဆုံးကျွန်းသခင်မလေးရဲ့ မွေးနေ့စာလုံးတွေကို လေ့လာပြီးသွားပြီ သူမက တကယ်ပဲ ဒီကြယ်အောက်မှာ မွေးတာဖြစ်တယ်။ ပြီးတော့ တစ်ခြားသူတွေရဲ့ ဖြစ်တည်မှုကို အနှောက်အယှက်ပေးမှာဖြစ်တယ်။ ".

ကျန်းယွမ်က သူ့နေရာမှာပဲ ရပ်နေပြီးတော့ ဟွိုင်ကျွဲကို ကြည့်လိုက်ရင်း ပြုံးလိုက်တယ်။ ဟွိုင်ကျွဲရဲ့ စွမ်းရည်တွေက အဲ့တာအိုဆရာကျန်းထက်တော့ ပိုအချောသက်သေးတယ်။ အဲ့ဟွိုင်ကျွဲက ပွင့်ပွင့်လင်းလင်း လိမ်ညာတာဖြစ်ပြီးတော့ သူ့ရဲ့ မွေးရာပါ စွမ်းဆောင်နိုင်ရည်ကြောင့် သူက ဖော်ထုတ်ခံရခြင်းမရှိသလို သံသယမရှိပဲနဲ့ သူ့ရဲ့ အသွင်အပြင်ကို ရုပ်ဖျက်နိုင်တယ်။ သူ့ကို ကြည့်တဲ့ သူတွေ အကုန်လုံးက ဒီဖော်ရွေပြီး ကြင်နာတဲ့ ဘုန်းတော်ကြီးကို ဘယ်တော့မှ ဆက်သွယ်လို့ မရတော့မလိုနဲ့ ဒီတစ်ကြိမ်မှာ သူမက ဟွိုင်ကျွဲကို လိုအပ်ရုံတင်မကဘူး။ အဲ့တာက သူ့အတွက် စစ်ဆေးမှုတစ်ခုလိုပဲ။ တကယ်လို့ ဟွိုင်ကျွဲက ဒီအခြေအနေကို မဖြေရှင်းနိုင်ရင် အနာဂတ်မှာ သူ့ကို ကူညီဖို့ မလိုတော့ဘူး။ ဖြောင့်မတ်ခြင်းက လှည့်ဖြားမှုနဲ့ အတူ စိမ့်ပေါက်တိုင်းကနေ တောက်ပလာတယ်။

သူ့ရဲ့ အကြည့်က ကြည်လင်တောက်ပတယ်။ 'ဟွိုင်ကျွဲ ရှင် ဘာလုပ်နိုင်

စွမ်း ရှိလဲဆိုတာ ကျွန်မကို ပြစမ်းပါ။ '

ဟွိုင်ကျွဲက ရှုကုန်တာအိုဆရာရဲ့ စကားတွေကို ဒေါသမထွက်ပဲ နားထောင်လိုက်တယ်။ သူက ပြောလိုက်တယ်။

"ဒီဘုန်းတော်ကြီးက တာအိုဆရာကျန်းပြောတာကို လက်မခံလို့ ကြင်နာစွာနဲ့ ခွင့်လွှတ်ပေးပါ။ "

ဒီလက်ဟန်ခြေဟန်က ပတ်ဝန်းကျင်က ပွဲကို ကြည့်နေတဲ့ သခင်မတွေကို သူ့ကို ပိုပြီးတော့တောင် လေးစားစေတယ်။ သူတို့က ဟွိုင်ကျွဲက ဝါရင့်ဘုန်းတော်ကြီး တစ်ပါးအနေနဲ့ လိုက်ဖက်ပြီးတော့ မခယသလို မိုလ်မကျဘူး။ ဆန့်ကျင်ဘက်အနေနဲ့ ရှုကုန်တာအိုဆရာကျန်းက မောက်မာတဲ့ သဘောထားရှိပြီးတော့ လူတွေရဲ့ မသိစိတ်ကနေ သဘောမကျမှုကို ရစေတယ်။

ရှုကုန်တာအိုဆရာကျန်းက ဒါကို လုံးဝ သတိမပြုမိဘူး။ ပြီးတော့ ဟွိုင်ကျွဲကို သူ့ရဲ့ စကားများတာကို ဖျက်ဆီးခွင့် မပေးနိုင်ဘူး။ ဒါ့ကြောင့် သူက ဒေါသနဲ့ ပြောလိုက်တယ်။

"မဟာဘုန်းတော်ကြီးက ဒီဘုရင်ဂျီအတွက် ကိစ္စတွေကို ခက်ခဲအောင် လုပ်နေတာများလား။ "

ဟွိုင်ကျွဲက မပြောခင် သက်ပြင်း အရှည်ကြီး ချပြီးတော့

"တကယ်လို့ တာအိုဆရာကျန်းက အဲဒါကို ဒီလိုမျိုးမြင်နေမယ်ဆိုရင် ဒီဘုန်းတော်ကြီးက ဘာမှလုပ်ဖို့ အစွမ်းမရှိပါဘူး။ ဒါပေမဲ့ ဒီဘုန်းတော်ကြီးက အကြီးဆုံးကျန်းသခင်မလေးက ဒီစွပ်စွဲချက်ကို ခံရမှာကို မကြည့်ရက်ဘူး။ ဒီအိမ်တော်က မကောင်းတဲ့စွမ်းအင်နဲ့ လွှမ်းမိုးခံနေရတာ မှန်ပေမဲ့ အဲ့တာက သူမရဲ့ ကံကြမ္မာကြောင့် မဟုတ်ဘူး။ အဲဒါက မကောင်းဆိုးဝါး

က ဒီအိမ်တော်ထဲမှာ ဒုက္ခပေးနေပြီးတော့ အိမ်တော်ထဲက တစ်ယောက်ယောက်ကို စွဲကပ်နေတာဖြစ်တယ်။ အဲ့လူက.... အကြီးဆုံး ကျန်းသခင်မလေး မဟုတ်ဘူး။ "

အနောက်မှာ ရပ်နေတဲ့ လန်ချောင်က ဒါတွေအားလုံးကို ကြားပြီးတော့ ရယ်လိုက်တယ်။ အဲ့တာတွေ အကုန်လုံးက ဝိညာဉ်ရေးရာ မမ်ဘိုဂျမ်ဘို ဖြစ်ပေမဲ့ ခန်းမထဲက သခင်မတွေက သူပြောတာတွေ အကုန်လုံးကို တစ်စက်ကလေးမှ မသင်္ကာမဖြစ်ပဲနဲ့ ယုံကြည့်သလိုမျိုး လေးနက်တဲ့ မျက်နှာထားတွေနဲ့ နားထောင်နေကြတယ်။ တာအိုဆရာကျန်းရဲ့အဖြေကို မစောင့်ပဲနဲ့ ဟွိုင်ကျွဲက ပြောလိုက်တယ်။

"ဒီဘုန်းကြီးက အခု ဒီမကောင်းဆိုးဝါး သူ့ဘာသာ ကိုယ်ထင်ပြမယ့် နည်းလမ်းကို စဉ်းစားမိသွားပြီ။ "

"ဒါက ... မကောင်းတော့ဘူး။ "

ရှယန်က တုန်တုန်ယင်ယင်နဲ့ ကျန်းချွမ်ကို ကြည့်လိုက်တယ်။

ကျန်းချွမ်က စိတ်နှစ်ခွဖြစ်သွားတယ်။ သူက ကျန်းအိမ်တော်ရဲ့ လက်ရှိကံဆိုးမှုကို နှင်ထုတ်ဖို့ စိတ်အားထက်သန်နေပြီးတော့ သူက ကျန်းယွမ်ဖိတ်ခဲ့တဲ့သူကို မယုံဘူး။ မဟာဘုန်းတော်ကြီး ဟွိုင်ကျွဲရဲ့ ကျော်ကြားမှုက သူ့ဘာသာပြောတာလို့ ထင်နေတယ်။ တကယ်လို့ သူက ဒီမကောင်းဆိုးဝါးကို တကယ်မရှာနိုင်ရင် ကျန်းအိမ်တော်က ငြိမ်းချမ်းပြီးတော့ မလုံခြုံတော့ဘူး။

ရှယန်က သူ့ရဲ့ တုံ့ဆိုင်မှုကို သတိထားမိပြီးတော့ ပိုပြီးတော့တောင် စိုးရိမ်သွားတယ်။ သူမရဲ့ တွက်ချက်မှုတွေနဲ့ စဉ်းစားမှုတွေနဲ့ သူမက ကျန်းယွမ်က မဟာဘုန်းတော်ကြီး ဟွိုင်ကျွဲကို အိမ်တော်ကို ပင့်လာမယ်လို့ တစ်ခါမှ မတွေးဖူးဘူး။ သူမက သူမရဲ့ ဆေးကို ပြန်သောက်နေရပြီ။ မဟာဘုန်း

တော်ကြီး ဟွိုင်ကျွဲက ရှူကုန်တာအိုဆရာကျန်းထက်ကို ပိုပြီး လူသိများ တယ်။ တကယ်လို့ သူမက ငြင်းလိုက်ရင် အကုန်လုံးက ဟွိုင်ကျွဲဘက်က နေ ကာကြမှာကို သူစိုးရိမ်မိတယ်။ ဒါကို တွေးမိပြီးတော့ ရှယန်ရဲ့မုန်းတီး မှုတွေနဲ့ ဒေါသက ပိုကြီးလာတယ်။

ကျန်းချွမ် ဆုံးဖြတ်ချက် ချတာကို မစောင့်ဘဲနဲ့ ကျန်းသခင်မကြီးက ပြော လိုက်တယ်။

"မဟာဘုန်းတော်ကြီး က ဒီရည်ရွယ်ချက်ရှိမှာတော့ ကျွန်မတို့ မဟာဘုန်း တော်ကြီးကို ဒုက္ခပေးရတော့မှာပဲ။ "

"အဘွား"

ကျန်းစုစုက မျက်မှောင်ကြုတ်သွားတယ်။

ကျန်းသခင်မကြီးက သူမကို တကယ်မမြင်ရဘဲ ကြည့်လိုက်ပြီးတော့ ရှ ယန်ကို ပြောလိုက်တယ်။

"ချွေးမလေးက ကျန်းအိမ်တော်က ကံဆိုးမှုကို အမြဲတမ်း နှင်ထုတ်ချင်နေ တာ မဟုတ်ဘူးလား။ မဟာဘုန်းတော်ကြီး ဟွိုင်ကျွဲက ကျော်ကြားတဲ့ ဝါ ရင့်ဘုန်းတော်ကြီးကို ချွေးမလေးက မပျော်ဘူးလား။ "

"မဟုတ်ပါဘူး။ "

ရှယန်က အတင်းပြုံးပြီး ပြောလိုက်တယ်။

ရှူကုန်ဆာအိုဆရာကျန်းက ဟွိုင်ကျွဲကို အေးစက်စွာ ဆက်ဆံတာနဲ့ ဟွိုင် ကျွဲက လက်အုပ်ချီပြီး ပြောလိုက်တယ်။

"အမိထဘ ဒီဘုန်းတော်ကြီးက ခြံတိုင်းကို လိုက်ကြည့်ဖို့ လိုတယ်။ "

"အဲ့တာက ပြသနာ မဟုတ်ပါဘူး။ "

ကျန်းချွမ်က ပြောလိုက်တယ်။

"မဟာဘုန်းတော်ကြီးကို လမ်းပြလိုက်။ "

ချက်ချင်းပဲ အစေခံနှစ်ယောက်က ဟွိုင်ကွဲကို လမ်းပြပေးဖို့ ထွက်လာတယ်။ သူတို့ သုံးယောက်က အရှေ့မှာ ဖြစ်ပြီးတော့ ရှယန်နဲ့ ကျန်းစုစုတို့က သူတို့နောက်ကနေ ဟွိုင်ကွဲ လှည့်ကွက်တွေ သုံးမှာစိုးလို့ လိုက်လာကြတယ်။ ကျန်းချွမ်နဲ့ သခင်မတွေကလည်း အနောက်ကနေ လိုက်လာကြတယ်။ ချိုက်ကွဲနဲ့ တုကျွမ်းတို့ကလည်း ကျန်းသခင်မကြီးကို ကူနေကြပြီးတော့ သူတို့ အကုန်လုံးက ဘာတွေ ဖြစ်နေလဲဆိုတာကို လိုက်ကြည့်ကြတယ်။ ကျန်းယွမ်က အေးအေးဆေးဆေးနဲ့ နောက်ဆုံးကနေ လိုက်လာတယ်။ ကျန်းချောင်က အဆိပ်ပြင်းတဲ့မြွေလို သူမကို ကြည့်နေပေမဲ့ သူမက မမြင်ချင်ယောင်ဆောင်နေတယ်။ ပြီးတော့ ဘေးမှာရပ်နေတဲ့ ရှုကုန်တာအိုဆရာကျန်းကို ခေါ်လိုက်တယ်။

"တာအိုဆရာကျန်းလည်း လိုက်မလာ သင့်ဘူးလား။ ဗုဒ္ဓဘာသာနဲ့ တာအိုဘာသာက သူတို့ရဲ့ ကိုယ်ပိုင် အရည်အသွေးတွေရှိတယ်မလား။ ဒီနေ့ အခြေအနေက ကျင့်ကြံခြင်းကို တိုးတက်စေနိုင်ဖို့ အတွက် အခွင့်ကောင်း ဖြစ်နိုင်တယ်။ "

သူမက လှောင်ပြီးတော့ ပြောလိုက်ပေမဲ့ သူမရဲ့ မျက်နှာပေါ်က သိမ်မွေ့တဲ့ အပြုံးက မပျက်သွားဘူး၊ ဒီတော့ ဘယ်သူက မှ သူမ ဘာတွေ စဉ်းစားနေတလဲဆိုတာကို မသိနိုင်ဘူး။ ကျန်းယွမ်က သူ့ကို ဖိတ်ကြားမှုကို ငြင်းဆိုခွင့်မပေးဘူး။ လန်ချောင်နဲ့ ပိုင်ကျီတို့က သူ့ကို ဝိုင်းပြီး အရှေ့နဲ့ အနောက်ကနေ ပိတ်ဆို့ထားတယ်။ ဒီတော့ ရှုကုန်က အံကြိတ်ပြီး ဆက်မလျှောက်လို့ မရဘူးဖြစ်နေတယ်။

ဟွိုင်ကွဲက သူပြောပြီးတာနဲ့ ခြံဝန်းတိုင်းက အခန်းတိုင်းကို လိုက်ကြည့်လိုက်တယ်။ အဲ့နေ့မှာ ဧည့်သည်တွေကို ထွက်ဧည့်ခံမတဲ့ ကိုယ်လုပ်တော်

တွေက စုံစမ်းမှုကို မြင်တော့ လန့်သွားကြတယ်။  အစေခံတွေက သူတို့ကို အဲ့အတွက် အကြောင်းပြချက်ကို လာပြောပြတော့ သူတို့က အရမ်း စိတ်ရှုပ်သွားကြပေမဲ့ လိုက်ပြီး ပါဝင်လိုက်ကြတယ်။

ဟ္ဂိုင်ကျဲ့က ဘယ်ခြံဝန်းကိုမှ မခြံဘူး ပြီးတော့ သူ နောက်ဆုံး ဝင်ခဲ့တဲ့ ခြံဝန်းက ဟုန်ရင်းရဲ့ ခြံဝန်းပဲ။  ဟုန်ရင်းက အဖြစ်အပျက်ကို ကြားပြီးတော့ သူမက ကျန်းချွမ်ရဲ့ နောက်ကနေ ကြောက်လန့်တဲ့ပုံနဲ့ ရပ်နေတယ်။  ရှယန်က ဒါကို သတိမပြုမိပဲ မနေဘူး၊ မျက်မှောင်ကြုတ်လိုက်ပေမဲ့ ဟုန်ရင်းက ဘယ်သူမှ မမြင်ခင်မှာ ကျန်းယွမ်ကို အမြန် ခိုးကြည့်လိုက်ပြီးတော့ ဒီအခွင့်အရေးကို အရယူလိုက်တယ်။

ကံခေခြင်း မရှိဘဲ ခြံဝန်းတွေကို ဖြတ်လာတယ်။  ရှူကုန်တာအိုဆရာက သူ့ကိုယ်သူ မပြောပဲ မနေနိုင်ခဲ့ဘူး။

"မဟာဘုန်းတော်ကြီး အကုန်လုံးက တည်ငြိမ်နေသလိုပါပဲ။  မဟာဘုန်းတော်ကြီးက အမှားတစ်ခုခု လုပ်မိပြီနဲ့ တူတယ်။ "

ဟ္ဂိုင်ကျဲ့က လက်အုပ်ချီပြီးတော့ ပြောလိုက်တယ်။

"အမိထဘ။  အခု ဂုဏ်သရေရှိ လူကြီးမင်းများ ဒီဘုန်းတော်ကြီးနောက်ကို ကြင်နာစွာ လိုက်ပြီးတော့ ပင်မ ခြံဝန်းထဲကို လိုက်ပေးနိုင်မလား။ "

ပင်မ ခြံဝန်းရဲ့ အလယ်မှာ ကျန်းအိမ်တော်ရှိတယ်။  အပြင်မှာက ကျန်းချွမ်ရဲ့ စာကြည့်ခန်းရှိတယ်။  ဟ္ဂိုင်ကျဲ့က တိတ်ဆိတ်စွာနဲ့ သူ့ရဲ့ လွယ်အိတ်ထဲက အမွေးနံ့သာကို သူ့အိတ်ထဲကနေ ထုတ်ပြီးတော့ နောက်ထပ် အိတ်ထဲကနေ ရှို့တဲ့ လင်ပန်းကို ထုတ်လိုက်တယ်။  အမွေးတိုင်ကိုလည်း ထုတ်လိုက်တယ်။  အစိမ်းရောင် မီးခိုးတွေ ထွက်လာတာနဲ့ သူက ကြာပန်းပုံ တပလင်ခွေ ထိုင်လိုက်တယ်။  မျက်လုံး မှိတ်ထားရင်းနဲ့ စပြီးတော့ တရားထိုင်နေရင်း လက်တစ်ဖက်က သစ်သားငါးကို ထုနေပြီးတော့ တစ်ဖက်က ပုတီး

စိတ်နေတယ်။

ဒီလိုလေထုကြောင့် လူတိုင်းက နည်းနည်း စိတ်လှုပ်ရှားနေတယ်။ ကျန်းယွမ် တစ်ယောက်တည်း တည်ငြိမ်နေပြီးတော့ စိတ်တည်ငြိမ်နေတယ်။ ရှုယန်နဲ့ ကျန်းစုစုတို့က နဂိုကတည်းကမှ စိတ်တိုနေတာဖြစ်တယ်။ အကြည့်တွေ အများကြီးအောက်မှာ ဟွိုင်ကျွဲက ဗုဒ္ဓကျန်းစာတွေကို ဆက်ပြီး ရေးနေတယ်။ အစကတော့ ဘာမှမဖြစ်ဘူး။ ခဏလောက်ကြာတော့ အနက်ရောင်အရာကြီးက လေထဲမှာ ပေါ်လာပြီးတော့ သူတို့ဆီကို ပျံလာတယ်။ အကုန်လုံးက လန့်သွားကြတယ်။

ကောင်းကင်က မှုန်မှိုင်းနေပြီးဖြစ်ပေမဲ့ အနက်ရောင်တွေက ကျန်းအိမ်တော်ရဲ့အပေါ်မှာ ပျံဝဲနေတယ်။ အဲ့အရာကြီးက နီးကပ်လာတာနဲ့ သူတို့က အဲ့တာက လင်းနို့အုပ်ကြီး ဆိုတာကို ထင်ထင်ရှားရှား မြင်လိုက်ရတယ်။ အတော်ပံတွေကို ခတ်ရင်းနဲ့ သူတို့က အိမ်တော်ကို နှေးကွေးစွာနဲ့ ပျံလာတယ်။

အဲ့အဖြစ်အပျက်ကို မြင်တဲ့ သခင်မတွေနဲ့ မိန်းမပျိုတွေက လန့်သွားကြပေမဲ့ လင်းနို့အုပ်ကြီးက ပင်ခြံဝန်းထဲ ရောက်တာနဲ့တင် မရပ်ကြသေးပဲနဲ့ ဆက်ပျံသွားကြတယ်။ ရှေ့နဲ့နောက်ကို ခဏလောက် ပျံသွားကြပြီးတော့ သူတို့က စုရှင်းယွမ်ရှေ့မှာ မမျှော်လင့်စွာနဲ့ ရပ်သွားကြတယ်။ ခဏရပ်ပြီးတော့ လင်းနို့အုပ်ကြီးက အစေခံတစ်ယောက် သန့်ရှင်းရေး လုပ်နေတဲ့ အိမ်တော်ထဲက မိန်းကလေးအခန်းထဲကို ရုတ်တရက် အမြန်ဝင်သွားကြတယ်။ လင်းနို့အုပ်ကြီးကို တွေ့တော့ သူမက ချက်ချင်း ထွက်ပြေးလာတယ်။ သူမရဲ့နှင်းဆီရောင် အသားအရည်က အရောင်မဲ့ သွားသလိုပဲ။

ရှိနေတဲ့သူ အကုန်လုံးက ကြောင်သွားကြပြီးတော့ ရှုယန်နဲ့ ကျန်းစုစုက ဖြူဖပ်ဖြူရော်ဖြစ်သွားကြတယ်။ ဟွိုင်ကျွဲက ရပ်လိုက်ပြီးတော့ ပြောလိုက်

တယ်။

"မကောင်းဆိုးဝါးက သူ့ရဲ့သရုပ်မှန်ကို ပြသခဲ့ပြီ။ "

"အဲ့တာ ဘယ်သူ့ရဲ့အိမ်တော်လဲ။ "

လက်ထောက်ဝန်ကြီးချုပ်ကျန်းရဲ့သခင်မက အရင်မေးလိုက်တယ်။

နောက်ထပ် သခင်မ တစ်ယောက်က ပြောလိုက်တယ်။

"အဲ့တာက ဒုတိယကျန်းသခင်မလေးရဲ့အိမ်တော်နဲ့တူတယ်။ "

ဖြူဖပ်ဖြူရော်ဖြစ်နေတဲ့ မျက်နှာနဲ့ ကျန်းချောင်က မေးလိုက်တယ်။

"မဟာဘုန်းတော်ကြီး ကျွန်တော့်ရဲ့ ညီမလေးက မကောင်းဆိုးဝါးလို့ ခင်ဗျားပြောနေတာလား။ "

ဟွိုင်ကျွဲက သိမ်မွေ့စွာ ပြောလိုက်တယ်။

"ဒုတိယကျန်းသခင်မလေးက မကောင်းဆိုးဝါး မဟုတ်ပါဘူး။ ဒါပေမဲ့ အခု ဒုတိယသခင်မလေးရဲ့ ခြံဝန်းက အန္တရာယ်ဖြစ်စေတယ်။ ဒုတိယ သခင်မလေးက မကောင်းဆိုးဝါးနဲ့ နှစ်ပေါင်းများစွာ နေနေတာ နေမှာ။ ဒါ့ကြောင့် မကောင်းဆိုးဝါး ဝင်ပူးတာ ခံရတာနေမှာ။ အဲ့တာကြောင့် ကျန်းအိမ်တော်ကို ဘေးကပ်ဆိုးတွေ ကျရောက်တာနေမှာ။ "

"ဒါဆိုရင် ကျွန်တော့်ရဲ့ ညီမလေးက ဘယ်လိုလုပ်ပြီးတော့ မကောင်းဆိုးဝါး ဝင်ပူးတာ ခံရတာလဲ။ "

ကျန်းချောင်ရဲ့မျက်နှာက ရုပ်ဆိုးနေပြီးတော့ သူက ပြောလိုက်တယ်။

"ဒီအိမ်တော်မှာ ဖြစ်ခဲ့တာ အကုန်လုံးက အကြီးဆုံး ညီမလေး ပြန်လာကတည်းက ဖြစ်လာတာ။ "

***